# နိဒါန်း

## အာဋာနာဋိယသုတ်ပရိတ်တော်

အာဋာနာဋိယသုတ်ပရိတ်တော်တွင် အမွှန်းဂါထာများ အပါအဝင် ဂါထာပေါင်း (၃၀) ပါရှိပါသည်။ ယင်းဂါထာများအနက် ဂါထာနံပါတ် ၁–၂ တို့သည် ပရိတ်တော်၏ ရည်ရွယ်ချက်နှင့် တိုက်တွန်းချက်ကို ဖော်ပြသည့် အမွှန်းဂါထာများဖြစ်ပြီး ကျန်ဂါထာပိုဒ်များဖြင့် ဝိပဿီအစရှိသော ဘုရားခုနစ်ဆူတို့၏ ဂုဏ်တော်တို့ကို ရှိခိုးခြင်းနှင့် ဓတရဋ္ဌအစရှိသော နတ်မင်းကြီးတို့က စောင့်ရှောက်ရန် အာသီသပြုထားသော ဂါထာများဖြစ်ပါသည်။

## အာဋာနာဋိယသုတ်ပရိတ်တော်ဂုဏ်ရည်

အာဋာနာဋိယသုတ်ပရိတ်တော်ကို ရွတ်ဆိုပွားများပါက ရရှိနိုင်သော အကျိုးတရားများနှင့်ပတ်သက်၍ ဝေဿဝဏ်နတ်မင်းကြီးက မြတ်စွာဘုရားရှင်အား– ''အရှင်ဘုရား ဤအာဋာနာဋိယသုတ်ပရိတ်တော်ကို အမြဲရွတ်ဖတ် ပွားများလေ့ရှိသူအား ဘီလူး၊ ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ်၊ နဂါးတို့က ဖမ်းစားနှိပ်စက်သည်ရှိသော် ထိုဘီလူးစသူတို့သည် ရွာ၊ နိဂုံးတို့၌ အရိုအသေပြုခြင်း မခံရပါ။ အာဠကမန္ဒာမင်းနေပြည်၌ ဗိမာန်အိမ်ရာနှင့် အမြဲနေခွင့်ကို မရပါ။ ဘီလူးတို့၏ အစည်းအဝေးကို တက်ခွင့်မရပါ။ ထိုဘီလူးကို အခြားဘီလူးတို့က သမီးဆောင်ယူကာ လက်ထပ်ခြင်း၊ သမီးပေး၍ လက်ထပ်ခြင်း မပြုကြပါ။ ဆဲရေးပြစ်တင်ကြသည့်အပြင် ထိုဘီလူး၏ ဦးခေါင်းကိုလည်း ခုနစ်စိတ် ခွဲကုန်၏'' ဟု အာဋာနာဋိယသုတ်ပရိတ်တော်ကို အမြဲရွတ်ဖတ် ပွားများလေ့ရှိသူကို ပြစ်မှားနှောင့်ယှက်သည့် ဘီလူးတို့ ပြစ်ဒဏ်ခံရပုံကို လျှောက်ထားခဲ့ဖူးရာ အာဋာနာဋိယသုတ်ပရိတ်တော်ကို အမြဲရွတ်ဆိုပွားများပါက နတ်များချစ်ခင်ကာ စောင့်ရှောက်သဖြင့် ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝစေနိုင်ပါသည်။

## ပရိတ်တော်၊ ဂါထာမန္တန်တော်များအစွမ်း

ပရိတ်တော်၊ ဂါထာမန္တန်တော်တို့၏ အစွမ်းသတ္တိနှင့်ပတ်သက်၍ မိလိန္ဒပဉှပါဠိတော်(မြန်မာပြန်) စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်—

၃။ *ဝိပဿိဿ စ နမတ္ထု[၁]၊
စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု[၂]၊
သဗ္ဗဘူတာနုကမ္ပိနော။

၃။ စက္ခုငါးပါးရှိတော်မူသော၊ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော ဝိပဿီ မြတ်စွာဘုရားအား အကျွန်ုပ် ရှိခိုးပါ၏၊ သတ္တဝါအားလုံးကို သနားတော်မူတတ်သော သိခီမြတ်စွာဘုရားအားလည်း အကျွန်ုပ် ရှိခိုးပါ၏။

၄။ *ဝေဿဘုဿ စ နမတ္ထု[၃]၊
နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊
မာရသေနာပမဒ္ဒိနော။

၄။ ကိလေသာကို စင်ကြယ်စေပြီး ခြိုးခြံသော အကျင့်ရှိတော်မူသော ဝေဿဘူ မြတ်စွာဘုရားအား အကျွန်ုပ် ရှိခိုးပါ၏၊ မာရ်စစ်သည်ကို ဖျက်ဆီးတတ်သော ကကုသန်မြတ်စွာဘုရားအားလည်း အကျွန်ုပ် ရှိခိုးပါ၏။

၅။ * ကောဏာဂမနဿ နမတ္ထု၊
ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု[၄]၊
ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

၅။ မကောင်းမှုကို ပယ်တော်မူပြီးသော မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးပြီးသော ကောဏာဂုံ မြတ်စွာဘုရားအား အကျွန်ုပ် ရှိခိုးပါ၏၊ အခါခပ်သိမ်း ဝိမုတ္တိငါးပါး၏ အစွမ်းဖြင့် ကိလေသာတို့မှ လွတ်တော်မူပြီးသော ကဿပမြတ်စွာဘုရားအားလည်း အကျွန်ုပ် ရှိခိုးပါ၏။

---

*ဒီဃနိကာယေ ပါထိကဝဂ္ဂေ–၁၅၉–ပိဋ္ဌေ။

၁–ဝိပဿိဿ နမတ္ထု (ဗဟူသု) ၂–သိခိဿပိ နမတ္ထု (ဗဟူသု)

၃–ဝေဿဘုဿ နမတ္ထု (ဗဟူသု) ၄–ကဿပဿ နမတ္ထု (ဗဟူသု)

၆။ *အင်္ဂီရသဿ နမတ္ထု၊
သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ[1]၊
သဗ္ဗဒုက္ခာပနူဒနံ။

၆။ အကြင်သာကီဝင်မင်းသား ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဆင်းရဲအားလုံးကို ပယ်ဖျောက်တော်မူတတ်သော ဤအာဋာနာဋိယ ပရိတ်တော်ကို ဟောတော်မူပြီ၊ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်ရှိတော်မူသော၊ ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော သာကီဝင်မင်းသား ဖြစ်တော်မူသော ထို (ဂေါတမ) မြတ်စွာဘုရားအား အကျွန်ုပ် ရှိခိုးပါ၏။

၇။ * ယေ စာပိ နိဗ္ဗုတာ လောကေ၊
ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာ[2]ထ၊
မဟန္တာ ဝီတသာရဒါ။

၇။ လောက၌ ကိလေသာငြိမ်းတော်မူကုန်ပြီးသော အကြင် (ဝိပဿီ–စသော) ဘုရားတို့သည် (အလုံးစုံသော တရားတို့ကို) ဟုတ်တိုင်းမှန်စွာ သိတော်မူကုန်၏၊ ထိုမြတ်စွာဘုရားတို့သည် ကုန်းစကားကို မဆိုကုန်၊ ကြီးမြတ်တော်မူကုန်၏၊ ကြောက်ရွံ့ခြင်း ကင်းတော်မူကုန်၏။

---

*ဒီဃနိကာယေ ပါထိကဝဂ္ဂေ–၁၅၉–ပိဋ္ဌေ။

၁–ဓမ္မမဒေသေသိ (သီ၊သျာ၊ကံ)၊ဓမ္မံ ဒေသေတိ (?)    ၂–အပိသုဏာ (သီ၊သျာ၊ကံ)

**၁၅။ ဒီပါ နာဝါ ပတိဋ္ဌာ စ၊**
**တာဏာ လေဏာ စ ပါဏိနံ။**
**ဂတီ ဗန္ဓူ မဟေဿာသာ၊**
**သရဏာ စ ဟိတေသိနော။**

၁၅။ (ထိုဘုရားရှင်တို့သည်) သတ္တဝါတို့ အားထားမှီခိုရာ ကျွန်းသဖွယ်လည်း ဖြစ်တော်မူကုန်၏၊ ကိုးကွယ်ရာလည်း ဖြစ်တော်မူကုန်၏၊ တည်ရာလည်း ဖြစ်တော်မူကုန်၏၊ သံသရာဝဋ်ဆင်းရဲမှလည်း စောင့်ရှောက်တော်မူတတ်ကုန်၏၊ ပုန်းအောင်းရာလည်း ဖြစ်တော်မူကုန်၏၊ ဆည်းကပ်ရာလည်း ဖြစ်တော်မူကုန်၏၊ အဆွေအမျိုးလည်း ဖြစ်တော်မူကုန်၏၊ လေးသမားကြီးတို့နှင့်လည်း တူတော်မူကုန်၏၊ သတ္တဝါတို့၏ ဆင်းရဲကိုလည်း ဖျက်ဆီးတော်မူတတ်ကုန်၏။ သတ္တဝါတို့၏ အကျိုးစီးပွားကိုလည်း ရှားမှီးတော်မူတတ်ကုန်၏။

**၁၆။ သဒေဝကဿ လောကဿ၊**
**သဗ္ဗေ ဧတေ ပရာယဏာ။**
**တေသာ’ဟံ သိရသာ ပါဒေ၊**
**ဝန္ဒာမိ ပုရိသုတ္တမေ။**

၁၆။ ခပ်သိမ်းကုန်သော ထိုမြတ်စွာဘုရားတို့သည် နတ်နှင့်တကွသော လူအပေါင်း၏ မှီခိုလဲလျောင်းရာလည်း ဖြစ်တော်မူကုန်၏၊ ယောကျ်ားမြတ် ဖြစ်တော်မူကုန်သော ထိုမြတ်စွာဘုရားတို့၏ ခြေတော်အစုံတို့ကို ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့် အကျွန်ုပ် ရှိခိုးပါ၏။

**၁၇။ ဝစသာ မနသာ စေဝ၊**
**ဝန္ဒာမေ’တေ တထာဂတေ။**
**သယနေ အာသနေ ဌာနေ၊**
**ဂမနေ စာပိ သဗ္ဗဒါ။**

၁၇။ အကျွန်ုပ်သည် ထိုမြတ်စွာဘုရားတို့ကို နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ အိပ်သောအခါ၌ဖြစ်စေ၊ ထိုင်သောအခါ၌ဖြစ်စေ၊ ရပ်သောအခါ၌ဖြစ်စေ၊ သွားသောအခါ၌ဖြစ်စေ အခါခပ်သိမ်း ရှိခိုးပါ၏။

**၁၈။ သဒါ သုခေန ရက္ခန္တု၊**
**ဗုဒ္ဓါ သန္တိကရာ တုဝံ။**
**တေဟိ တွံ ရက္ခိတော သန္တော၊**
**မုတ္တော သဗ္ဗဘယေဟိ စ။**

၁၈။ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းအောင်ပြုနိုင်သော ဘုရားရှင်တို့က သင့်ကို ချမ်းသာသဖြင့် အမြဲစောင်မပါစေ၊ ထိုဘုရားရှင်တို့ စောင့်ရှောက်ခြင်းခံရသော သင်သည်လည်း ငြိမ်းချမ်းပါစေ၊ ဘေးရန်အားလုံးတို့မှ ကင်းလွတ်ပါစေ။

**၁၉။ သဗ္ဗရောဂါ ဝိနီမုတ္တော၊**
**သဗ္ဗသန္တာပ ဝဇ္ဇိတော။**
**သဗ္ဗဝေရ’ မတိက္ကန္တော၊**
**နိဗ္ဗုတော စ တုဝံ ဘဝ။**

၁၉။ သင်သည် အနာရောဂါအားလုံးတို့မှ ကင်းလွတ်ပါစေ၊ အတွင်းရန် အပြင်ရန် အားလုံးကို လွတ်မြောက်ပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းပါစေ။

**၂၀။ တေသံ သစ္စေန သီလေန၊**
**ခန္တိမေတ္တာဗလေန စ။**
**တေပိ အမှေ'နုရက္ခန္တု၊**
**အရောဂေန သုခေန စ။**

၂၀။ ထိုမြတ်စွာဘုရားတို့၏ သစ္စာ, သီလ, ခန္တီ, မေတ္တာ အာနုဘော်ကြောင့် ထိုမြတ်စွာဘုရားတို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင်၊ ချမ်းသာအောင် အစဉ်စောင့်ရှောက်ပါစေ၊ (သူတစ်ပါးအတွက်ဖြစ်လျှင် အမှေနေရာ၌ တုမှေ-ဟု ပြောင်းရွတ်ပါ)

**၂၁။ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊**
**သန္တိ ဘူတာ မဟိဒ္ဓိကာ။**
**တေပိ အမှေ'နုရက္ခန္တု၊**
**အရောဂေန သုခေန စ။**

၂၁။ အရှေ့မျက်နှာအရပ်၌ တန်ခိုးကြီးသော ဂန္ဓဗ္ဗနတ်တို့သည် ရှိကုန်၏၊ ထိုဂန္ဓဗ္ဗနတ်တို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင်၊ ချမ်းသာအောင် အစဉ်စောင့်ရှောက်ပါစေ။

**၂၂။ ဒက္ခိဏသ္မိံ ဒိသာဘာဂေ၊**
**သန္တိ ဒေဝါ မဟိဒ္ဓိကာ။**
**တေပိ အမှေ'နုရက္ခန္တု၊**
**အရောဂေန သုခေန စ။**

၂၂။ တောင်မျက်နှာအရပ်၌ တန်ခိုးကြီးသော ကုမ္ဘဏ်နတ်တို့သည် ရှိကုန်၏၊ ထိုကုမ္ဘဏ်နတ်တို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင်၊ ချမ်းသာအောင် အစဉ်စောင့်ရှောက်ပါစေ။

**၂၃။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊**
**သန္တိ နာဂါ မဟိဒ္ဓိကာ။**
**တေပိ အမှေ'နုရက္ခန္တု၊**
**အရောဂေန သုခေန စ။**

၂၃။ အနောက်မျက်နှာအရပ်၌ တန်ခိုးကြီးသော နတ်နဂါးတို့သည် ရှိကုန်၏၊ ထိုနတ်နဂါးတို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင် ချမ်းသာအောင် အစဉ်စောင့်ရှောက်ပါစေ။

၂၄။ ဥတ္တရဿံ ဒိသာဘာဂေ၊
သန္တိ ယက္ခာ မဟိဒ္ဓိကာ။
တေပိ အမှေ့’နုရက္ခန္တု၊
အရောဂေန သုခေန စ။

၂၄။ မြောက်မျက်နှာအရပ်၌ တန်ခိုးကြီးသော နတ်ဘီလူးတို့သည် ရှိကုန်၏၊ ထိုနတ်ဘီလူးတို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင်၊ ချမ်းသာအောင် အစဉ်စောင့်ရှောက်ပါစေ။

၂၅။ ပုရတ္ထိမေန ဓတရဋ္ဌော၊
ဒက္ခိဏေန ဝိရူဠှကော။
ပစ္ဆိမေန ဝိရူပက္ခော၊
ကုဝေရော ဥတ္တရံ ဒိသံ။

၂၅။ မြင်းမိုရ်တောင်မှ အရှေ့မျက်နှာအရပ်၌ ဓတရဋ္ဌ နတ်မင်းသည် နေ၏၊ တောင်မျက်နှာအရပ်၌ ဝိရူဠှကနတ်မင်းသည် နေ၏၊ အနောက်မျက်နှာအရပ်၌ ဝိရူပက္ခ နတ်မင်းသည် နေ၏၊ မြောက်မျက်နှာ အရပ်၌ ကုဝေရနတ်မင်းသည် နေ၏။ ထိုနတ်မင်းကြီးလေးယောက်တို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင်၊ ချမ်းသာအောင် အစဉ်စောင့်ရှောက်ပါစေ။

၂၆။ စတ္တာရော တေ မဟာရာဇာ၊
လောကပါလာ ယသဿိနော။
တေပိ အမှေ့’နုရက္ခန္တု၊
အရောဂေန သုခေန စ။

၂၆။ ထိုစတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည် လူတို့ကို စောင့်ရှောက်တတ်ကုန်၏၊ အခြွေအရံ များကုန်၏၊ ထိုနတ်မင်းကြီးလေးယောက်တို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင်၊ ချမ်းသာအောင် အစဉ်စောင့်ရှောက်ကြပါစေ။

၂၇။ အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊
ဒေဝါ နာဂါ မဟိဒ္ဓိကာ။
တေပိ အမှေ'နုရက္ခန္တု၊
အရောဂေန သုခေန စ။

၂၇။ ကောင်းကင်၌ တည်သော, မြေ၌တည်သော နတ်နှင့် နဂါးတို့သည် တန်ခိုးကြီးကုန်၏၊ ထိုနတ်နှင့် နဂါးတို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင် ချမ်းသာအောင် အစဉ်စောင့်ရှောက်ပါစေ။

၂၈။ ဣဒ္ဓိမန္တော စ ယေ ဒေဝါ၊
ဝသန္တာ ဣဓ သာသနေ။
တေပိ အမှေ'နုရက္ခန္တု၊
အရောဂေန သုခေန စ။

၂၈။ ဤဂေါတမ မြတ်စွာဘုရား သာသနာတော် (ဩဝါဒ) ဘောင်အတွင်း၌ ကျင့်ကြံနေထိုင်ကြကုန်သော တန်ခိုးကြီးသော နတ်တို့သည် ရှိကုန်၏၊ ထိုတန်ခိုးကြီးသော နတ်တို့က အကျွန်ုပ်တို့ကို ရောဂါကင်းအောင်၊ ချမ်းသာအောင် အစဉ်စောင့်ရှောက်ပါစေ။

၂၉။ သဗ္ဗီ'တိယော ဝိဝဇ္ဇန္တု၊
သောကော ရောဂေါ ဝိနဿတု။
မာ တေ ဘဝန္တွ'န္တရာယာ၊
သုခီ ဒီဃာယုကော ဘဝ။

၂၉။ သင့်အား ဘေးရန်ဥပဒ်တို့ ကင်းဝေးပါစေ၊ စိုးရိမ်သောက ပျောက်ကင်းပါစေ၊ အနာရောဂါပျောက်ကင်းပါစေ၊ ကိုယ်တွင်းကိုယ်ပ အန္တရာယ်ကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ အသက်ရှည်ပါစေ။

[ဤ မေတ္တာပို့မှာ အခြားသူတစ်ယောက်အတွက် ရည်ညွှန်းပို့သခြင်း ဖြစ်ပါသည်။]

၂၉။ သဗ္ဗီ'တိယော ဝိဝဇ္ဇန္တု၊
သောကော ရောဂေါ ဝိနဿတု။
မာ ဝေါ ဘဝတ္ဝ'န္တရာယော၊
သုခီ ဒီဃာယုကော ဘဝ။

၂၉။ အများအတွက် မေတ္တာပို့လိုသော် ''မာ တေ ဘဝတ္ဝန္တရာယော'' နေရာ၌ ''မာ ဝေါ ဘဝတ္ဝန္တရာယော'' ဟု ပြောင်း၍ဆိုပါ။

၂၉။ သဗ္ဗီ'တိယော ဝိဝဇ္ဇန္တု၊
သောကော ရောဂေါ ဝိနဿတု။
မာ မေ ဘဝတ္ဝ'န္တရာယော၊
သုခီ ဒီဃာယုကော ဘဝ။

၂၉။ မိမိအတွက် မေတ္တာပို့လိုသော် ''မာ တေ ဘဝတ္ဝန္တရာယော'' နေရာ၌ ''မာ မေ ဘဝတ္ဝန္တရာယော''ဟု ပြောင်း၍ ဆိုပါ။

၂၉။ သဗ္ဗီ'တိယော ဝိဝဇ္ဇန္တု၊
သောကော ရောဂေါ ဝိနဿတု။
မာ နော ဘဝတ္ဝ'န္တရာယော၊
သုခီ ဒီဃာယုကော ဘဝ။

၂၉။ မိသားစုအတွက် မေတ္တာပို့လိုသော် ''မာ တေ ဘဝတ္ဝန္တရာယော'' နေရာ၌ ''မာ နော ဘဝတ္ဝန္တရာယော'' ဟု ပြောင်း၍ဆိုပါ။

၂၉။*အဘိဝါဒနသီလိဿ၊
နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊
အာယု ဝဏ္ဏော သုခံ ဗလံ။

၂၉။ အသက်ကြီးသောသူ ဂုဏ်ကြီးသောသူတို့ကို အမြဲမပြတ် အရိုအသေပြုလေ့ရှိသော ရှိခိုးလေ့ရှိသောသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ကိုယ်အားဉာဏ်အား ကြီးမားခြင်း ဤအကျိုးတရား လေးပါးတို့သည် တစ်နေ့တခြား တိုးပွားကုန်၏။

**အာဋာနာဋိယသုတ္တံ နိဋ္ဌိတံ။**

**အာဋာနာဋိယသုတ်မြန်မာပြန် ပြီး၏။**

*ခုဒ္ဒကနိကာယေ ဓမ္မ ပဒပါဠိယံ–၂၉–ပိဋ္ဌေ–၁၀၉–ဂါထာ ၁–ဝဂ္ဂါပစာယိနော (သီ၊ က္က)

# ဆုတောင်းပါဠိနှင့်နိဿယ

**ကွာဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု။**

**ကွာဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။**

**ကွာဒံ မေ ပုညံ ဗောဓိဉာဏဿ ပစ္စယော ဟောတု။**

**ကွာဒံ မေ ပုညံ နဝလောကုတ္တရဿ ဓမ္မဿ ပစ္စယော ဟောတု။**

၁။ **မေ–** ဘုရားတပည့်တော်၏။ **ကွာဒံပုညံ၊** ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **အာသဝက္ခယံ၊** ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ တည်းဟူသော အာသဝေါတရားလေးပါးတို့၏ကုန်ရာ နိဗ္ဗာန်ကို။ **ဝဟံ–ဝဟန္တော၊** ရွက်ဆောင်နိုင်သည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

၂။ **မေ–** ဘုရားတပည့်တော်၏။ **ကွာဒံပုညံ၊** ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **နိဗ္ဗာနဿ၊** ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်၏။ **ပစ္စယော၊** မျက်မှောက်ပြုနိုင်ပါရန်အကြောင်း အထောက်အပံ့ကောင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

၃။ **မေ–** ဘုရားတပည့်တော်၏။ **ကွာဒံပုညံ၊** ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **ဗောဓိဉာဏဿ၊** ဗောဓိဉာဏ်တော်မြတ်၏။ **ပစ္စယော၊** ရရှိပါစေကြောင်း အထောက်အပံ့ကောင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

၄။ **မေ–** ဘုရားတပည့်တော်၏။ **ကွာဒံပုညံ၊** ဤယခုပြုလုပ်အပ်သော ကောင်းမှုသည်။ **နဝ လောကုတ္တရဿ ဓမ္မဿ၊** မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်တည်းဟူသော ကိုးပါးသော လောကုတ္တရာ တရားတို့အား။ **ပစ္စယော၊** ရရှိရန်အကြောင်း အထောက်အပံ့ကောင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

---------

